The Salvation Army Employment Plus

Parent Pathways
An Australian Government Initiative

# အဓိက ဝန်ဆောင်မှုဆိုင်ရာ ကတိကဝတ်များ

## ကျွန်ုပ်တို့အကြောင်း

Employment Plus သည် ၁၈၈၀ ပြည့်နှစ်မှစ၍ ဩစတြေးလျနိုင်ငံသားများကို ကျယ်ပြန့်သော ဝန်ဆောင်မှုအမျိုးမျိုး ကူညီပံ့ပိုးပေးလျက်ရှိသော နိုင်ငံတကာ ခရစ်ယာန်လှုပ်ရှားမှု အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကယ်တင်ခြင်းတပ် The Salvation Army ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

## ဝန်ဆောင်မှုများ

သီးသန့်ရှိနေမည့် လမ်းညွှန်ပေးသူတစ်ဦးသည် အားသာချက်များ၊ မျှော်မှန်းချက်များ၊ စိန်ခေါ်မှုများကို နားလည်အောင်လုပ်ပြီး သတ်မှတ်ပန်းတိုင်များဆီ ရောက်ရှိရန် လိုအပ်သည့် အဆင့်တိုင်းကို အစီအစဉ်ဆွဲခြင်း၊ စောင့်ကြည့်ခြင်း၊ ပြည့်မြောက်သည်အထိ ကူညီပေးခြင်းတို့ဖြင့် မိဘများကို ၎င်းတို့၏ ကျွန်ုပ်တို့နှင့်အတူ ခရီးစဉ်တစ်လျှောက်လုံးတွင် ပံ့ပိုးပေးပါသည်။ လမ်းညွှန်ပေးသူများကို လူကိုယ်တိုင် တွေ့နိုင်ပြီး အွန်လိုင်းမှလည်း ဆက်သွယ်နိုင်ကာ ဖုန်းဆက်၍လည်း အကူအညီရယူနိုင်ပါသည်။ သင်ယူလေ့လာရန်နှင့် လုပ်ဖော်ကိုင်ဖက်အချင်းချင်း ကွန်ရက်ချိတ်ဆက်နိုင်ရန်အတွက် အဖွဲ့လိုက် လုပ်ရှားမှုများကို ကျွန်ုပ်တို့ပံ့ပိုးပေးပြီး ဒေသတွင်းရှိ ဝန်ဆောင်မှုများကို ရရှိနိုင်ရန်လည်း ချိတ်ဆက်ဆောင်ရွက်ပေးပါသည်။ မိဘတစ်ဦးချင်းစီ၏ တိုးတက်မှုနှင့် ဝန်ဆောင်မှုများအပေါ် စိတ်ကျေနပ်မှုတို့ကို ကျွန်ုပ်တို့သုံးသပ်ပြီး လိုအပ်သော အပြောင်းအလဲမှန်သမျှအတွက် ထောက်ခံပြောဆိုပေးပါသည်။

## ရလဒ်များ

ကျွန်ုပ်တို့သည် မိဘတစ်ဦးချင်းစီ၏ တစ်မူထူးခြားသော လိုအပ်ချက်များ၊ မျှော်မှန်းချက်များနှင့်အညီ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုကို အံဝင်ခွင်ကျဖြစ်အောင် ပြုပြင်ပေးပါသည်။ ထို့ပြင် မိဘများ၏ ပန်းတိုင်များ ပြည့်မြောက်ရန် အကြံဉာဏ်ပေးခြင်း၊ ဒေသတွင်း ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးခြင်း၊ ငွေကြေးပိုင်း ပံ့ပိုးကူညီပေးခြင်းတို့ပါဝင်သော အောက်ပါတို့ဖြင့် ကူညီပေးပါသည်-

- လက်တွေ့လိုအပ်ချက်များဖြစ်သော သင်တန်းသုံး ပစ္စည်းကိရိယာများ၊ မိဘအုပ်ထိန်းမှုပိုင်း ပံ့ပိုးပေးမှုများနှင့် သွားရေးလာရေးတို့အတွက် ကူညီပေးခြင်း။
- အရည်အသွေးပြည့်မီသော ဒေသတွင်း ဝန်ဆောင်မှုများကို ရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။
- ပညာရေးနှင့် အရည်အချင်းဆိုင်ရာ ရည်မှန်းချက်များ ပြည့်မြောက်အောင် မိဘများကို ကူညီပေးခြင်း။
- စေတနာ့ဝန်ထမ်းအလုပ်၊ ဝင်ငွေရသော အလုပ်အကိုင်နှင့် အလုပ်အကိုင်လမ်းကြောင်း တိုးတက်မှုတို့ကို ရရှိအောင် ကူညီပေးခြင်း။
- မိမိကိုယ်ကို ယုံကြည်မှုနှင့် စိတ်ခွန်အားကို မြှင့်တင်ပေးခြင်း၊ အားပေးတိုက်တွန်းခြင်းနှင့် အောင်မြင်မှုများကို ဂုဏ်ပြုပေးခြင်း။
- ဒေသခံအလုပ်ရှင်များ လိုအပ်သော လုပ်သားအင်အားကို Parent Pathways အစီအစဉ်မှ သင့်တော်သူများနှင့် ချိတ်ဆက်ဖြည့်ဆည်းပေးခြင်း

## ထိတွေ့ဆောင်ရွက်မှု/ချိတ်ဆက်မှုများ

ကျွန်ုပ်တို့သည် ဒေသတွင်း ဝန်ဆောင်မှုများစွာ၊ သင်တန်း ရွေးစရာများစွာ၊ ယဉ်ကျေးမှု အဖွဲ့အစည်းများစွာနှင့် လက်တွဲလုပ်ဆောင်ပြီး ဝန်ဆောင်မှုများ တစ်လျှောက် အသိပညာများကို မျှဝေဖလှယ်၍ မဲလ်ဘုန်းမြို့ အရှေ့တောင်ပိုင်း Hunter ရှိ ကွဲပြားစုံလင်သော လူ့အဖွဲ့အစည်းများအတွက် ကျွန်ုပ်တို့၏ ပံ့ပိုးပေးမှုကို ပိုခိုင်မာအားကောင်းအောင် လုပ်နေပါသည်။ လမ်းညွှန်ပေးသူများကို ဒေသခံ လူမှုအသိုင်းအဝိုင်းများထဲမှပင် ကျွန်ုပ်တို့ ခေါ်ယူခန့်အပ်ပြီး ၎င်းတို့၏ ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန် စဉ်ဆက်မပြတ် သင်တန်းများကိုလည်း ပံ့ပိုးပေးပါသည်။

## ဝန်ဆောင်မှုကို ရယူနိုင်ပုံနှင့် အရင်းအမြစ်များ

နေရာဒေသအများအပြားတွင် ကျွန်ုပ်တို့ လုပ်ကိုင်လည်ပတ်ပါသည်။ လမ်းညွှန်ပေးသူများသည် အလုပ်ခွင်များ သို့မဟုတ် ဝန်ဆောင်မှုပေးသည့် နေရာများ ကဲ့သို့ သဘောတူညီထားသော နေရာများတွင်လည်း မိဘများနှင့် တွေ့ဆုံနိုင်ပါသည်။ ကျွန်ုပ်တို့၏ ရုံးခွဲနေရာများသည် လွတ်လပ်ပေါ့ပါး၍ ကလေးများအတွက် အဆင်ပြေသည့်အပြင် ကလေးများအတွက် အရုပ်များနှင့် ဆော့စရာများကိုလည်း ထားပေးထားပါသည်။

## ဝန်ထမ်းအင်အား မဟာဗျူဟာ

ကျွန်ုပ်တို့၏ အဖွဲ့တွင် လမ်းညွှန်ပေးသူများအပြင် ရုံးခွဲမန်နေဂျာတစ်ဦးနှင့် ထိတွေ့ပါဝင်ရေး ညှိနှိုင်းရေးမှူးတစ်ဦးတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့တစ်ဦးချင်းစီတွင် မတူကွဲပြားသော ယဉ်ကျေးမှုနောက်ခံများ၊ အလုပ်အကိုင်နောက်ခံများ၊ နောက်ခံအရည်အချင်းများ ရှိပါသည်။ လမ်းညွှန်ပေးသူများနှင့် ဝါရင့်လမ်းညွှန်ပေးသူများသည် တစ်ကြိမ်လျှင် မိဘဦးရေ ၅၀ အထိ ပံ့ပိုးကူညီပေးနိုင်ပါသည်။ ရုံးခွဲမန်နေဂျာသည် ဒေသတွင်း လုပ်ငန်းဆောင်တာများကို ကြီးကြပ်ကွပ်ကဲပြီး ထိတွေ့ပါဝင်ရေး ညှိနှိုင်းရေးမှူးကမူ မိဘများ၏ လိုအပ်ချက်များကို ဒေသတွင်းရှိ မိတ်ဖက်အဖွဲ့အစည်းများကွန်ရက်က ဖြည့်ဆည်းပေးအောင် တာဝန်ယူဆောင်ရွက်ပါသည်။ ဝန်ထမ်းအားလုံးအတွက် စဉ်ဆက်မပြတ်သော ပညာရပ်ပိုင်းဆိုင်ရာ သင်ယူလေ့လာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ပံ့ပိုးပေးထားပါသည်။

**အကူအညီ လိုပါသလား။ ကျွန်ုပ်တို့ ကူညီပေးဖို့ အသင့်ပါပဲ။**

☏ 136 123

www.employmentplus.com.au

Employment Plus

Parent Pathways
An Australian Government Initiative

# HUNTER REGION SITE LOCATIONS

| Service Area | Site Address | Type | Opening Hours |
|---|---|---|---|
| Belmont North | 4/356 Pacific Highway,<br>Belmont North, NSW, 2280 | Outreach | By appointment |
| Bonnells Bay | 158 Station Street,<br>Bonnells Bay ,NSW 2264 | Outreach | By appointment |
| Cardiff | 52 Harrison Street,<br>Cardiff, NSW, 2285 | Outreach | By appointment |
| Charlestown | Shop 16 & 36<br>338 Charlestown Road,<br>Charlestown NSW 2290 | Full-Time | Monday - Friday,<br>9am - 5pm |
| Gillieston Heights | Redwood Drive,<br>Gilleston Heights, NSW, 232i1 | Outreach | By appointment |
| Woodberry | 11-13 Lawson Avenue,<br>Woodberry, NSW, 2322 | Outreach | By appointment |
| Hamilton | 67 Cleary Street,<br>Hamilton NSW 2303 | Outreach | By appointment |
| Raymond Terrace | 15 Carmichael St,<br>Raymond Terrace NSW 2324 | Part-Time | Tuesday, Wednesday<br>& Thursday, 9am - 5pm |
| Toronto | 9 Thorne Street,<br>Toronto, NSW, 2283 | Part-Time | Thursday & Friday,<br>9am - 5pm |
| Wallsend | 54 Cowper St,<br>Wallsend NSW 2287 | Part-Time | Monday & Tuesday,<br>9am - 5pm |
| Windale | 20 Lake Street,<br>Windale, NSW, 2306 | Outreach | By appointment |
| Anna Bay | 14 Port Stephens Road,<br>Anna Bay, NSW 2316 | Outreach | By appointment |


အကူအညီ လိုပါသလား။ ကျွန်ုပ်တို့ ကူညီပေးဖို့ အသင့်ပါပဲ။

136 123

www.employmentplus.com.au